
MR MEESON'S WILL
SIR H. RIDER HAGGARD
တတိယအကြိမ်

# အခန်း (၁)

အင်္ဂလန်ပြည် ဘာမင်ဂန်မြို့တွင် မီဆန် ဟူသော နာမည်အတိုကောက်ဖြင့် ထင်ရှားကျော်ကြားသော ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီလုပ်ငန်းကြီးတစ်ခု ရှိလေသည် ။ ယခု ဝတ္ထုစတင် ဖြစ်ပေါ်လာသည့် အချိန်လောက်တွင် ထိုလုပ်ငန်းကြီးကို အစုရှင် ၃ ဦး ဖက်စပ်ပါဝင် လုပ်ကိုင်လျက်ရှိရာ ၎င်းတို့ မှာ မန်နေဂျင်းပါတနာ အုပ်ချုပ်ရေးမှူး မီဆန်၊ မစ္စတာ အက်ဒီဆန်နှင့် မစ္စတာ တာရော့စတိုးတို့ ဖြစ်၏။ သို့သော် ကုမ္ပဏီတစ်ခုဖြစ်သည့်အတိုင်း ၎င်းတို့ ၃ ဦးအပြင် အခြားအစုရှင်များ ရှိသေးသည် ဟု အချို့က ယုံကြည်ကြလေသည် ။ မည်သို့ပင်ဖြစ်စေ မီးဆန်ကုမ္ပဏီသည် စီးပွားရေးဘက်တွင် သူမတူအောင် အလွန့်အလွန်တိုးတက်ကာ လူပေါင်း ၂၀၀၀ကျော်နှင့် လုပ်ကိုင်လျက် ရှိလေသည် ။ ၂ ဧကနှင့် ၄ ပုံ ၁ပုံမျှကျယ်ဝန်းသော မြေပေါ်တွင် ဆောက်လုပ်ထားသည့် ကုမ္ပဏီပိုင် အဆောက်အအုံကြီးများမှာ ညဥ့်အချိန်တွင် ဓာတ်မီးရောင်များ ဖြင့် ထိန်ထိန်လင်းလျက် ရှိနေ၏။ ရက်သတ္တပတ်လျှင် ၃ ပေါင်ကျစီအပြင် ကော်မရှင်ပါရသော နယ်လှည့် အရောင်းကိုယ်စားလှယ် ၁၀၀ ခန့်တို့ သည် ယင်းကုမ္ပဏီထုတ် ဘာသာရေးဆန်ဆန် စာအုပ်များကို ရောင်းချရန် အရပ်လေးမျက်နှာသို့ လှည့်လည်လျက် ရှိကြကုန်၏။ အသားသေပြီး ဦးကျိုးပြီး စာရေးဆရာ ၂၅ ယောက်တို့ ကလည်း မြေအောက်ရှိ သင်္ချိုင်းဂူသဖွယ် အခန်းကျဉ်းကလေးများ တွင် အနှစ်မပါ အကာအတိသာဖြစ်

သော စာအုပ်များကို အပတ်စဉ်မှန်မှန် ရေးသားလျက် ရှိကြကုန်ရာ အလားတူ ပန်းချီဆရာ ၁၃ယောက်တို့ ကလည်း သက်ဆိုင်ရာ ရုပ်ပုံများ နှင့် တန်ဆာဆင်ပေးရ၏။ ၎င်းတို့ အပြင် အယ်ဒီတာများ ၊ လက်ထောက် အယ်ဒီတာများ ၊ ဌာနမှူးများ ၊ လက်ထောက်များ ၊ မန်နေဂျာများ လည်း ရှိကြသေး၏။ သို့သော် ၎င်းတို့ မည်သူမည်ဝါ ဖြစ်သည် ကို မည်သူမျှ မသိကြပေ။ အကြောင်းမူကား မီဆန်ကုမ္ပဏီတွင် လုပ်ကိုင်နေကြသူများ အား အမည်နာမအားဖြင့် မဟုတ်ဘဲ နံပါတ်စဉ်အားဖြင့် အသိအမှတ် ပြုထားသောကြောင့် ဖြစ်လေသည် ။ ဤသို့ လုပ်ငန်းအသီးသီးတွင် လုပ်ကိုင်နေကြသူများမှာ မည်သည့်အခါမျှ တစ်ကြိမ်ထွက်သွားလျှင် နောက်ထပ်ပြန်၍ လုပ်ရသည် ဟု မရှိချေ။ ယင်းကဲ့သို့ အခွင့်အရေးပေးလျှင် ဘဝတူချင်း ညှာတာစိတ် ပေါ်ပေါက်လာကာ ကုမ္ပဏီ၏ အကျိုးကို ထိခိုက်မည်စိုးသောကြောင့် ဖြစ်ဟန်တူလေသည် ။ အစုပိုင်သူဌေးများ ၏ အိမ်များမှာ နန်းတော်တမျှ ခမ်းနားကြီးကျယ်သည် ဖြစ်ရာ ဘေဘီလုံခေတ်ကောင်းစားစဉ် ခေတ်မျိုးမှာ ပင် အံ့ဘနန်းဖြစ်တဲ့ လောကီစည်းစိမ်ကို စိတ်ရှိသမျှ ခံစားနိုင်သော ရောမနိုင်ငံကောင်းစားစဉ် ခေတ်အတွင်းက လူများ ပင် လက်ဖျားခါရမည် ဖြစ်လေသည် ။

တစ်နေ့တွင် မစ္စတာမီဆန်သည် ကုမ္ပဏီ၏ ငွေစာရင်းဌာနတွင် စာရင်းများကို စစ်ဆေးလျက်ရှိရာ ဒေါသထွက်၍ မျက်မှောင်ကြီးကြုတ်လျက် ရှိသောကြောင့် ဌာနရှိ စာရေးများမှာ နေစရာမရှိသကဲ့သို့ ရှိကြလေသည် ။ ယင်းမီဆန်ကုမ္ပဏီသည် ဩစတြေးယားနိုင်ငံ ဆစ်ဒနီမြို့တွင် တိုက်ပွဲတစ်ခုရှိ၏။ ထိုတိုက်ခွဲမှာ အင်္ဂလန်ပြည်ရှိ ပင်ရင်းတိုက်ကြီးကဲ့သို့ မဟုတ်သည့်တိုင်အောင် အမြတ် ၁၅ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းခန့် ရနေခဲ့လေသည် ။ သို့သော် မကြာမီက အမေရိကန် ပုံနှိပ်ထုတ်ဝေရေး ကုမ္ပဏီကြီးတစ်ခုသည် မဲလဘုန်းမြို့တွင် တိုက်ပွဲတစ်ခု လာ

ရောက်ဖွင့်လှစ်ခဲ့ရာ ယင်းတို့ ၏ ဉာဏ်ရည်မှာ မီဆန်ထက်ပင် သာသကဲ့သို့ပင် ရှိနေခဲ့၏။ မီဆန်ကုမ္ပဏီမှ နာမည်ရပြီး စာရေးဆရာတစ်ဦး၏ လက်ရာကို ၃ ပဲနီခွဲနှင့် ထုတ်ဝေလျှင် ထိုကုမ္ပဏီမှ အလားတူလက်ရာကိုပင် ၂ ပဲနီခွဲနှင့် ပုံနှိပ်ထုတ်ဝေလေတော့၏။ မီဆန်က လုပ်ငန်းကို ဝါဒဖြန့်ပေးရန်အတွက် သတင်းစာတစ်စောင်ကို ငွေကြေး ထောက်ပံ့ခဲ့လျှင်လည်း ထိုကုမ္ပဏီက ဖျက်လိုဖျက်ဆီးသဘောဖြင့် သတင်းစာနှစ်စောင်ကို ငွေကြေးထောက်ပံ့လေတော့၏။ ယင်းသို့ဖြင့် ကုန်လွန်ခဲ့သည့် ဘဏ္ဍာတော်နှစ်အတွက် ဩစတြေးယားတိုက်ခွဲမှ အမြတ်ငွေ ၇ ရာခိုင်နှုန်းမျှသာ ရလေတော့သည် ။ သို့ဖြစ်၍ သူဒေါသ ဖြစ်နေသည်မှာ အံ့ဩဖွယ် မရှိချေ။

မစ္စဆာမီဆန်သည် စားပွဲပေါ်ရှိ နှစ်ချုပ်ရှင်းတမ်းကို လက်သီးနှင့်ထုလျက်..

"ဒါကို ကြည့်လုပ်ကြရမယ်.. သိရဲ့ လားဟေ့.. နံပါတ် ၃"

နံပါတ် ၃ မှာ မျက်လုံးမွဲပြာပြာနှင့် မျက်မှန်အပြာ တပ်ထားသော အယ်ဒီတာတစ်ဦး ဖြစ်၏။ သူသည် တစ်ခါက အတော်ပင် အလားအလာရှိသော စာရေးဆရာတစ်ဦး ဖြစ်ခဲ့၏။ သို့သော် မီဆန်က မည်သို့ ပြုလုပ်ထားသည် မသိ။ ပုံနှိပ်ထုတ်ဝေသူ၏ တပည့်စာရေးဆရာ ဖြစ်နေလေ၏ ။

"မှန်ပ့ါခင်ဗျာ.. ဒီကိစ္စဟာ အတော်ဆိုးပါတယ်။ ၇ ရာခိုင်နှုန်းအထိ လျှော့ကျသွားတယ်ဆိုတာ မတွေးဝံ့အောင်ဘဲ ဖြစ်ပါတယ်"

"ကိုင်း.. ဒီလိုပဲ ဝက်သေကောင်ကြီးလို ရပ်မနေစမ်းနဲ့ ဦး။ တစ်ခုခု အကြံပေးပါဦး"

"ကျွန်တော့်သဘောပြောရရင် ဟိုကို ကိုယ်တိုင် လိုက်သွားပြီး.. ဘ

ယ်လိုလုပ်ရ ကောင်းမယ်ဆိုတာ ကြည့်ဖို့ သင့်တယ်ထင်တယ်"

"ဒီဟာတွေ ကျုပ်သိပါတယ်။ ဟိုမှာ ရှိတဲ့ ခွေးမကောင်တွေ ဖြုတ်ပစ်ရမယ်။ ဖြုတ်ဆို ဖြုတ်ပစ်ရမယ်။ ကဲ.. သွားနိုင်ပြီ နံပါတ် ၃"

နံပါတ် ၃ ထွက်သွားသောအခါ စာရေးတစ်ယောက် ဝင်လာ၍ မစ္စတာမီဆန်အား ကတ်ပြားတစ်ခုပေးလေရာ သူသည် ကတ်ပြားကိုကြည့်လျက်..

"မစ္စဩဂတ်စတာစမစ်သား ဆိုပါကလား။ ကဲ ကွယ် အထဲကို ခေါ်ခဲ့ပါ"

မကြာမီ အသက် ၂၄ နှစ်ခန့်ရှိ မိန်းမပျိုတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာရာ မျက်နှာမှာ အတန်ငယ်ကြောက်ရွံ့သည့်ဟန်ဖြင့် တုန်တုန်ရီရီ ရှိနေလေသည် ။ မိန်းကလေးမှာ ကိုယ်ကာယ အချိုးအစားပြေပြစ်၍ ရွှေရောင်ဆံပင်၊ နက်မှောင်သော မျက်လုံး၊ ပါးလျားသော နှုတ်ခမ်းတို့ ဖြင့် အတော်ပင် လှပတင့်တယ်၏။

"ကဲ.. မစ္စစမစ်သား.. ဘာကိစ္စလဲ"

"ကျွန်မလာတာ ကျွန်မစာအုပ် ကိစ္စအတွက်ပါပဲ မစ္စတာမီဆန်"

"ခင်ဗျားစာအုပ်ကိစ္စဟုတ်လား မစ္စစမစ်သား... နေစမ်းပါဦး.. ကျုပ်စဉ်းစားပါရစေဦး။ စိတ်မရှိပါနဲ့ ခင်ဗျာ။ ကျုပ်တို့ ပုံနှိပ်ထုတ်ဝေတဲ့ စာအုပ်က အများကြီးပဲ မဟုတ်လား။ ဩော်.. ကျုပ် သိပြီဗျို့။ ဂျယ်မီမာ့သစ္စာ မဟုတ်လား။ အို.. အဲဒီစာအုပ်ဟာ အတော်အသင့်တော့ ဟန်ကျသားထင်ပါရဲ့ "

"အဲဒီစာအုပ်ကို သောင်းခြောက်ထောင်အထိ ပုံနှိပ်မယ်လို့ မနေ့ကကြော်ငြာတာကို ကျွန်မ ဖတ်လိုက်ရပါတယ်ရှင့်"

"ဟုတ်လားဟင်.. ဒါဖြင့် ကျုပ်ထက်တောင် ပိုသိနေပါပကောလား"

ထို့နောက် နှစ်ဦးစလုံးအဖို့ စကားလက်စ သတ်ပြီဟူသော အမူအရာဖြင့် ဧည့်သည် ကို ကြည့်လိုက်၏။

"ဒီလိုပါ.. မစ္စတာမီဆန်.. ဂျယ်မီမာ့ သစ္စာဟာ ဒီလောက်တောင် စံနေလေတော့ ကျွန်မရပြီးသား အပြင် နောက်ထပ် အနည်းအကျဉ်းများ ပေးနိုင်ဦးမလားလို့ ပါရှင်"

"မစ္စတာမီဆန်သည် ဖျတ်ခနဲ မော့ကြည့်လိုက်၏။ သူ၏ မျက်ခုံးများ သည် စူးရှသော သူ၏ မျက်လုံးများကို ဖုံးအုပ်လုမတတ် ဖြစ်နေအောင် သူ၏ နဖူးရေမှာ တွန့်သွားလေသည် ။

"ဘာ.. ဘာပြောတယ်"

ထိုအခိုက်တွင် အခန်းတံခါး ပွင့်သွားပြီးနောက် မွန်မွန်ရည်ရည်ရှိသော လူရွယ်တစ်ယောက်သည် အခန်းထဲသို့ ဖြည်းညင်းစွာ ဝင် လာလေသည် ။ ထိုသူ၏ အသက်မှာ ၂၄နှစ်ခန့် ရှိ၍ အရပ်မြင့်မြင့် အသားဖြူဖြူ မျက်လုံးပြာပြာနှင့် အတော်ကြည့်ကောင်းသူတစ်ယောက် ဖြစ်၏။ သူ၏ အမူအရာကို ကြည့်ရသည် မှာ မစ္စတာမီဆန်ကို ခ နေရသူများကဲ့သို့ မဟုတ်သည့်ပြင် အခန်းထဲသို့ ရောက်လာသည့်တိုင်အောင် ဦးထုပ်ကို မချွတ်သေးဘဲ အပေါ်အင်္ကျီအိတ်များ ထဲသို့ လက်များ နှိုက်ထားလျက် လေများ ပင် ချွန်နေလိုက်သေး၏။ သူသည် မီဆန်၏ အခန်းတံခါးကို ပင် ခြေဖြင့်ကန်ကာ ဖွင့်၍ ဝင်ခဲ့၏။

"ဘယ့်နှယ် ဦးလေး နေကောင်းရဲ့ နော်.. အလို.. ဘာများ ဖြစ်နေကြပါလိမ့်"

အခန်းတွင်း၌ အလွန်ချောမောလှပသော မိန်းမပျိုတစ်ဦး ထိုင်နေသ

ည် ကို တွေ့လိုက်ရသဖြင့် ထိုသူ၏ ဟန်ပန်လေသံမှာ ရုတ်ခြည်း ပြောင်းလဲသွားလေသည် ။ သူ၏ လက်များကို ထုတ်၍ ဦးထုပ်ကိုချွတ်လိုက်ပြီး နှစ်လိုဖွယ်ရာကောင်းသော အမူအရာဖြင့် မသိမသာ ဦးညွှတ် လိုက်လေသည် ။

"ဘာကိစ္စလဲဟေ့.. ယူစတေ့"

"အို.. ဘာမှ မဟုတ်ပါဘူး.. ဦးလေး.. အရေးမကြီးလှပါဘူး"

ပြောပြောဆိုဆိုနှင့် သူသည် ကုလားထိုင်တစ်လုံးကို ဆွဲယူလိုက်ပြီး လျှင် ဦးလေးမရိပ်မိအောင် မစ္စစမစ်သားကို မြင်သာသည့်နေရာ၌ ကုလားထိုင်ကိုချ၍ ထိုင် လိုက်လေသည် ။

"ကဲ. မစ္စစမစ်သား... ကျုပ်တို့ စကားတောင် ဘယ်ရောက်သွားပါလိမ့်။ သြော်... ခုမှ သတိရတယ်။ ကျုပ်ပြောမယ့်ဟာက ခင်ဗျား ဘာဆိုလိုချင်တယ်ဆိုတာ ကျုပ်နားမလည်ဘူးဆိုတာဘဲ။ ခင်ဗျားစာအုပ် ဂျယ်မီမာ့သစ္စာအတွက် မူပိုင်ခ ပေါင် ၅၀ ပေးရတာကိုတော့ ခင်ဗျားမှတ်မိလိမ့်မယ် ထင်ပါရဲ့ "

ထိုအခိုက် ယူစတေ့က..

"အလို ဘုရားရေ..."

ဟု တိုးတိုးညည်းလိုက်၏။

"အဲဒီတုန်းက ဒီလိုပေါင် ၅၀ ကို မယူချင်ရင် စာအုပ်ပုံနှိပ်ထုတ်ဝေရဲ့ တန်ဖိုးရဲ့ ၇ ရာခိုင်နှုန်း ရနိုင်မယ်လို့ ပြောခဲ့တယ် မဟုတ်လား။ အဲဒါကို လက်ခံခဲ့ရင် ခင်ဗျားပိုပြီးတော့ ရမှာ ပဲ"

ယင်းသို့ပြောပြီးနောက် သူသည် မျက်မှောင်များကုတ်၍ ကြည့်လိုက်ပုံမှာ စင်စစ် မစ္စစမစ်သားအဖို့ ထွက်ပြေးချင်လောက်အောင်ပင် ထိတ်

လန့်တုန်လှုပ်ဖွယ် ကောင်းလှသော်လည်း သူမအဖို့ ငွေအတော်လိုနေသဖြင့် ကျိတ်မှိတ်တွယ်ကပ်၍ နေရလေသည် ။

"ကျွန်မ ၇ ရာခိုင်နှုန်းရအောင် မစောင့်နိုင်လို့ ပါရှင်"

"အလိုလေး.. ၇ ရာခိုင်နှုန်းတဲ့ ၊ သူရတော့ ၃၅ ရာခိုင်နှုန်းတောင်ပဲ"

ယူစတော့က အသံမထွက်အောင် ထပ်၍ ညည်းလိုက်ပြန်၏။

"ဟုတ်မှာ ပဲလေ.. ခင်ဗျား ကိုယ်ရေးကိစ္စတွေကို ကျုပ်အတိအကျ သိမထားတာကိုတော့ ခွင့်လွှတ်ပါ။ ဒါပေမဲ့ ကျုပ်ရဲ့ အတွေ့အကြုံအရ ပြောရမယ် ဆိုရင်တော့ စာရေးဆရာ အားလုံးလိုလို ငွေရေးကြေးရေး ကိစ္စတွေဟာ အတော်စိတ်ရှုပ်စရာ ကောင်းတာပဲ"

ဩဂတ်စတာသည် တွန့်ဆုတ်ဆုတ် ဖြစ်သွား၏။ မစ္စတာမီဆန်သည် ကုလားထိုင်ပေါ်မှ လေးကန်စွာထလျက် အနီးတွင် ရှိသော မီးခံသေတ္တာဆီသို့ လျှောက်သွားပြီးလျှင် အထဲမှ စာရွက်စာတမ်းတစ်ထုပ်ကို ဆွဲထုတ်လိုက်ကာ သူလိုချင်သည့်အရာကို တွေ့သည့်တိုင်အောင် တစ်ခုချင်း ကြည့်နေလေသည် ။

"ဟောဒီမှာ စာချုပ် နေပါဦး။ ဟုတ်တယ် ကျုပ်ထင်တဲ့ အတိုင်းပဲ။ မူပိုင်ခပေါင် ၅၀၊ ဘာသာပြန်ခအတွက် ရသမျှ အခကြေးငွေရဲ့ ထက်ဝက်နှို့ပြီးတော့ နောက် ၅ နှစ်အတွင်း ခင်ဗျားရေးသမျှ ကျုပ်တို့ တိုက်ကို ၇ ရာခိုင်နှုန်း စာချုပ်နဲ့ ဖြစ်ဖြစ် ရောင်းရမယ်လို့ လဲ စည်းကမ်းချက်တစ်ရပ် ပါသေးတယ်။ ကိုင်း.. ဒီတော့ ခင်ဗျား ဘာပြောစရာရှိသေးလဲ မစ္စစမစ်သား။ ဒီစာချုပ်ကို ခင်ဗျားသဘောအတိုင်း ခင်ဗျားထိုးထားတာ မဟုတ်လား။ ခင်ဗျားစာအုပ်အတွက် ကျုပ်တို့ အမြတ်တော်တော်များများ ရလိုက်တာဟာလဲ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရတာမျိုးပါ။ တကယ်ပြောရရင်တော့ အမေရိကန်မူပိုင်အတွက် ခင်ဗျားလက်ခံမယ်လို့ သဘောတူပြီး

ထားတာထက် ပိုကောင်းလို့ တော့ မဖြစ်ဘူး။ ကျုပ်တစ်သက်မှာ ဒီလိုကိစ္စမျိုး တစ်ခါမှ မကြုံဖူးခဲ့ဘူး။ တကယ့်ကို တစ်ခါမှ မကြုံဖူးခဲ့ပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေ့ါရှင်.. ကျွန်မအဖို့ ဘာသာပြန်ခွင့်အတွက် အထိုက်အလျောက်တော့ ရဖို့ ရှိတယ်မဟုတ်လား။ ကျွန်မ သတင်းစာထဲမှာ ပြင်သစ်ဘာသာနဲ့ ဂျာမန်ဘာသာကို ပြန်မယ်လို့ တွေ့ရတယ်"

"အိုး.. ဟုတ်ပါတယ်။ ယူစတေ့ရေ.. ခေါင်းလောင်းတစ်ချက် တီးလိုက်စမ်းပါကွယ်"

ယူစတေ့သည် ပြောသည့်အတိုင်း တီးလိုက်ရာ အရပ်ရှည်ရှည်နှင့် စာရေးတစ်ယောက် ဝင် လာလေသည် ။

"နံပါတ် ၁၈ ဂျယ်မီမာ့သစ္စာအတွက် ဘာသာပြန်ခစာရင်းလုပ်ပြီးတော့ စာရေးဆရာရထိုက်တဲ့ လက်ကျန်အတွက် စာတစ်စောင်ယူခဲ့စမ်း
"

နံပါတ် ၁၈ ထွက်သွားပြီးနောက်တွင် မီဆန်သည် မစ္စစမစ်သားဘက်သို့လှည့်၍ ...

"မစ္စစမစ်သား ငွေလိုရင် ကျုပ်တို့ ကို နောက်ထပ် စာတစ်အုပ်ရေးပေ့ါဗျာ။ ခင်ဗျားစာအုပ်ဟာ ကောင်းတယ်ဆိုတာတော့ ကျုပ်မငြင်းပါဘူး။ ကျုပ်တောင်မှ မဖတ်စဖူး ဖတ်လိုက်မိသေးတယ်။ ကျုပ်ကတော့ ရောင်းစွဲမယ်လို့ တစ်ခါထဲ ထွက်လိုက်တာပဲ ဟောကြည့် ကျုပ်တွက်ကိန်းဟာ မမှားဘူးမဟုတ်လား။ ဂျယ်မီမာ့သစ္စာ ၂၀၀၀၀ အထိ ရောင်းလိမ့်ရလိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဟောဒီမှာ စာရင်း လာပြီ"

ယခင် အရပ်ရှည်ရှည်စာရေးသည် သပ်ရပ်စွာ မျဉ်းသားထားသည့် စာရွက်နှင့် လက်မှတ်မထိုးရသေးသည့် ချက်လက်မှတ်တစ်စောင်ကို သူ

၏ အလုပ်ရှင်ရှေ့တွင် လာ၍ ချပေးပြီးနောက် ခပ်ရဲ့ ရဲ့ ပြုံးကာ ပြန်ထွက်သွားလေသည် ။ မစ္စတာမီဆန်သည် စာရင်းကိုကြည့်၍ ချက်လက်မှတ်ထိုးပြီးလျှင် စာရင်းစာရွက်နှင့်အတူ မစ္စသြဂတ်စတာကို ကမ်းပေးလိုက်၏။ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

**မီဆန်ကုမ္ပဏီမှ သြဂတ်စတာစမစ်သား ရရှိရန်ရှိသောငွေစာရင်း**

**ပေါင် သျှီလင် ပဲနီ**

**ဂျယ်မီမာ့သစ္စာ** ပြင်သစ်ဘာသာပြန်ဆိုခွင့်အတွက် ၇ ဝ ဝ

**ဂျယ်မီမာ့သစ္စာ** ကိုဂျာမန်ဘာသာ ပြန်ဆိုခွင့်အတွက် ၇ ဝ ဝ

၁၄ ဝ ဝ

၎င်းအပေါ်တွင် မီဆန်ကုမ္ပဏီ

ထက်ဝက်နှုန်းဖြင့် ရသင့်ငွေ ၇- ဝ၈

ကော်မရှင်စသည့်အတွက် ၃- ၁၉- ဝ ၁ဝ ဝ၉ ဝ

စာရေးဆရာသို့ ပေးရန်လက်ကျန်ပူးတွဲပါ

ချက်လက်မှတ်အရ ၃ ၁ ဝ

သြဂတ်စတာသည် စာရင်းကိုကြည့်ပြီးနောက် လက်ထဲမှ ချက်လက်မှတ်ကို ဖြည်းညင်းစွာ ဆုတ်ချေပစ် လိုက်လေသည် ။

"မစ္စတာမီဆန် ကျွန်မနားလည်သလောက်ဆိုရင် ရှင်ဟာ ကျွန်မစာအုပ်အတွက် ဘာသာပြန်ခွင့် နှစ်မျိုးစလုံးကို ၁၄ ပေါင်နဲ့ ရောင်းလိုက်တယ်။ ရှင်ပြောလွန်းလို့ ဒီကိစ္စကို ရှင့်လက်ထဲမှာ ပဲ အပ်ထားခဲ့ရတယ် မ

ဟုတ်လား။ အဲဒီအထဲက ကျွန်မက ၃ ပေါင်နဲ့ ၁ သျှီလင် ရမယ်ဆိုပါတော့"

"ဟုတ်ပါတယ်။ မစ္စစမစ်သား ကျေးဇူးပြုပြီးတော့ ပြေစာမှာ လက်မှတ်ထိုးလိုက်ပါ။ ကျုပ်မှာ လုပ်စရာကိစ္စတွေ အများကြီးရှိပါသေးတယ်"

"မထိုးနိုင်ဘူး မစ္စတာ မီဆန်"

ယင်းသို့ပြောပြီး ဩဂတ်စတာသည် ဒေါသဖြင့် ထိုင်ရာမှ ထလိုက်၏။

"ဘယ်နည်းနဲ့ မှ ကျွန်မလက်မှတ် မထိုးနိုင်ဘူး။ ဒီချက်လက်မှတ်ကိုလဲ ကျွန်မ မယူဘူး။ နောက်ပြီး ရှင့်အတွက် စာအုပ်လဲ ထပ်ပြီး ရေးမပေးတော့ဘူး။ ရှင်ဟာ ကျွန်မကို သက်သက် ထောင်ဖမ်းတာပဲ၊ ကျွန်မရဲ့ မသိနားမလည်မှု၊ လူပါးမဝမှုကို အခွင့်ကောင်းယူပြီးတော့ နောက် ၅နှစ်လုံးလုံး ကျွန်မဟာ ရှင့်ရဲ့ ကျေးကျွန် ဖြစ်နေရအောင် ထောင်ပြီး ဖမ်းခဲ့တယ်။ ခုလိုဆိုရင် ကျွန်မဟာ တိုင်းပြည်မှာ အကျော်ကြားဆုံး စာရေးဆရာတွေထဲမှာ တစ်ယောက်အပါအဝင် ဖြစ်နေပေမယ့် ကျွန်မနေထိုင်စားသောက်ဖို့ အတွက် မဖြစ်စလောက် ငွေကလေးကို ကျွန်မစာအုပ်တွေ အလုပ်အတွက် လက်ခံရတော့မယ်။ မနေ့တုန်းကပဲ ဂျယ်မီမာ့သစ္စာလို စာအုပ်တစ်အုပ်ရဲ့ မူပိုင်ခွင့်အတွက် ပေါင် ၁၀၀၀ တောင် လာပေးတယ်ရှင့် သိရဲ့ လား။ အတော်များ တဲ့ ငွေပဲ၊ ဒါပေမဲ့ ကျွန်မမှာ စာချုပ်က ရှိနေတယ်မဟုတ်လား။ ကျွန်မ စာအုပ်တောင် ရေးပြီးပါပြီ။ တကယ်လို့ အဲဒီစာအုပ်ကိုသာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ရင် ကျွန်မရော ကျွန်မရဲ့ ညီမလေးပါ ခုလိုဆင်းရဲတွင်းက လွတ်ကင်းနိုင်မှာ မုချပဲ"

ထို့နောက် ဩဂတ်စတာသည် တစ်ချက် ရှိုက်လိုက်၏။

"ဒါပေမဲ့.. ကျွန်မ မထုတ်ဝေနိုင်ဘူး။ နို့ပြီး အခုလိုပဲ ဖြစ်နေမှာ စိုးလို့

ရှင့်ကိုလဲ မပေးနိုင်ဘူး။ ကျွန်မ အငတ်ခံမယ် ၅ နှစ်လုံးလုံး ဘာမှ မထုတ်ဘူး။ သတင်းစာတွေထဲမှာ လဲ ကျွန်မ အလိမ်ခံရလို့ စာအုပ်တွေ ထုတ်ဝေတော့မယ် မဟုတ်ကြောင်း ရေးထည့်ရမယ်။ ဟုတ်တယ်မဟုတ်လား မစ္စတာ မီဆန်"

"အလိမ်ခံရတယ် ဟုတ်လား။ သတိထားပါ မိန်းကလေး။ မင်းဘာပြောနေတယ်ဆိုတာ သတိထားပါဦး။ ကျုပ်မှာ သက်သေရှိနေတယ် ။ ဟေ့.. ယူစတော့ ကြားတယ်မဟုတ်လား။ အလိမ်ခံရတယ်တဲ့ ။ ယူစတေ့ရဲ့ အလိမ်ခံရတယ်တဲ့ "

"ကြားပါတယ်ဗျာ"

"ဟုတ်တယ်.. မစ္စတာမီဆန်။ ကျွန်မ အလိမ်ခံရတယ်လို့ ပြောပါတယ်။ ကျွန်မ ဒီအတွက် အချုပ်ခံရပါစေ။ နောက်ထပ်ပြီး ပြောရဦးမှာ ပဲ။ ကိုင်း.. ကောင်းသော နံနက်ခင်းပါ မစ္စတာမီဆန်"

ယင်းသို့ပြောလိုက်ပြီးနောက် မစ္စသြဂတ်စတာသည် ရုတ်တရက် ငိုချ လိုက်လေသည် ။ တခဏချင်းမှာ ပင် ယူစတော့သည် သူမ၏ အနီးသို့ ရောက်လာ၏။

"မငိုပါနဲ့ မစ္စစမစ်သာ တစ်ဆိတ် မငိုပါနဲ့ ခင်ဗျာ။ ကျွန်တော် ခင်ဗျား ငိုတာကို မကြည့်ရက်ပါဘူး"

သူမသည် မျက်ရည်လည်ရွဲနှင့် မော့ကြည့်လိုက်ပြီး ပြုံးရန် ကြိုးစားလိုက်၏။

"ကျေးဇူးတင်ပါတယ်ရှင့်။ ကျွန်မနည်းနည်း လွန်သွားပါတယ်။ နို့ပေမယ့်.. ကျွန်မစိတ်ကို သိပ်ပြီး ထိခိုက်သွားလို့ ပါရှင်။ တကယ်လို့ သာ ရှင်သာ အကြောင်းရင်းကို သိရမယ် ဆိုရင်တော့ .. အို.. ကျွန်မ သွားပါတော့

မယ်လေ။ ကျေးဇူးတင်ပါတယ်"

ပြောပြောဆိုဆိုနှင့် သူမသည် နေရာမှ ထ၍ အခန်းတွင်းမှ ထွက်ခွာသွားလေသည် ။ အံ့အားအသင့်ကြီးသင့်ကာ ပါးစပ်ကြီး အဟောင်းသားနှင့် ကုလားထိုင်ပေါ်တွင် ထိုင်နေမိသော မစ္စတာမီဆန်သည် ထိုအခါတွင် မှ စကားပြောနိုင်လေတော့သည် ။

"အင်း.. မင်းအဖို့ တော့ လွတ်သွားပြန်ပြီပေါ့ ဟုတ်စ။ ဒါပေမဲ့ မပူပါနဲ့ ကွာ။ ပြန်လာပါလိမ့်မယ်။ သူတို့လို လူစားမျိုးတွေဟာ ဒီလိုချည့်ပဲဆိုတာ ငါသိပါတယ်။ ဟောဟို မြေတိုက်ထဲမှာ ပဲ သူ့လိုလူမျိုး ၂ ယောက် ၃ ယောက် ရှိတယ်။ ခုတော့ ငြိမ်နေကြပြီလေ။ စိတ်လိုက်မာန်ပါ မလုပ်ကြတော့ဘူး။ ဒီလိုလူမျိုးတွေကို ဘယ်လိုကြိုးကိုင်ရမယ်ဆိုတာ ငါ ကောင်းကောင်း သိပါတယ်ကွာ။ တစ်ဝက်ပဲ ပေး၊ နှစ်ဆတိုးပြီး အလုပ်ခိုင်းပေါ့။ ဒီမိန်းကလေးကတော့ ကုမ္ပဏီအတွက် တစ်နှစ် ၁၅၀၀ တန်လိမ့်မယ်ကွဲ့ ။ ဘယ့်နှယ် သဘောရသလဲဟေ့"

မျက်နှာပေါ်တွင် မုန်းတီးခြင်း၊ ဒေါသထွက်ခြင်း အရိပ်အရောင်များ ထင်ရှားပေါ်လွင်လျက်ရှိသော တူဖြစ်သူက..

"ကျွန်တော့်သဘောပြောရရင်တော့ ခင်ဗျားကိုယ်ခင်ဗျား ရှက်ဖို့ကောင်းနေပြီ ဆိုတာပါပဲ"

******

## အခန်း (၂)

တစ်ခန်းလုံး ကြောက်မက်ဖွယ် တိတ်ဆိတ်နေပြီး မစ္စတာမီဆန်သည် လည်း ပါးစပ်ကြီးအဟောင်းသား ဖြစ်နေ၏။ ထို့နောက် သူသည် စားပွဲပေါ်တွင် ဩဂတ်စတာ ပစ်ချထားခဲ့သော ချက်လက်မှတ်ကို ကောက်ယူလိုက်ပြီး ဖြည်းညင်းစွာ ချေမွရင်း…

"ဟော့.. ဘာပြောတယ်ကွ"

"ခင်ဗျားကိုယ် ခင်ဗျား ရှက်ဖို့ ကောင်းနေပြီလို့ ပြောတယ်။ တကယ်လဲပဲ ရှက်ဖို့ ကောင်းပါတယ်"

"ဩော်.. ဘာဖြစ်လို့ ဒီလိုပြောတယ်ဆိုတာ တစ်ဆိတ် ရှင်းပြဦးလား ခင်ဗျာ"

"ဘာဖြစ်လို့ လဲဆိုတော့ မိန်းမပျိုကလေးက သူအလိမ်ခံရတယ်လို့ ပြောလိုက်တာဟာ အမှန်ပဲ။ နို့ပြီး သူပြောတာ မှန်တယ်ဆိုတာလဲ ခင်ဗျားသိတယ်။ ကျွန်တော် ဂျယ်မီမာ့သစ္စာ စာရင်းကို ဒီမနက်ပဲ တွေ့ပြီးပြီ။ ခင်ဗျား ဒီစာအုပ်ပေါ်မှာ အသားတင် အမြတ်တစ်ထောင် ရပြီးပြီမဟုတ်လား။ အဲ.. အခု ခင်ဗျားတို့ မစို့မပို့ပေးလိုက်တဲ့ ပေါင် ၅၀ အပြင် နောက်ထပ် အနည်းအကျဉ်းပေးဖို့ လာပြောတော့ ခင်ဗျားက ငြင်းလိုက်ပြီး ဘာသာပြန်ခ ဆိုပြီးတော့ ၃ ပေါင်ပဲ ပေးတယ်။ ခင်ဗျားကတော့ ၁၂ ပေါင်ယူထားတယ် မဟုတ်လား"

"ပြောပါဦး.. ဆက်ပြောပါဦး"

"ကောင်းပါပြီ ဆက်ပြောပါမယ်။ ဒါတွင် မကသေးဘူး။ ခင်ဗျားဟာ ဒီကံဆိုးမလေးကို ၅နှစ်လုံးလုံး ခင်ဗျားရဲ့ စာပေကျွန်ဖြစ်နေအောင် စာချုပ်ဖို့ ကလိမ်ကျထားပြန်တယ်။ သူ့မှာ အစွမ်းအစရှိတာကို ခင်ဗျား တွေ့ရင်လည်း သူ့စာအုပ်တွေကို ပုံနှိပ်ထုတ်ဝေနိုင်ဖို့ အတွက် နောက် ၅ နှစ်အတွင်း သူရေးသမျှ စာအုပ်တွေကို အောင်မြင်နေတဲ့ စာရေးဆရာ တစ်ဦး ရနေကျနှုန်းရဲ့ ၄ ပုံ ၁ပုံ လောက်နဲ့ ခင်ဗျားကို ပထမဆုံးပေးဖို့ သဘောတူမှ သာ ခင်ဗျားက ပုံနှိပ်ထုတ်ဝေနိုင်မယ်လို့ ပြောလိုက်တယ်။ အောင်မြင်နေတဲ့ စာရေးဆရာတစ်ဦး ရနေကျနှုန်းဟာ ဘယ်လောက် လဲဆိုတာ ခင်ဗျားက ထုတ်မပြောဘူး မဟုတ်လား။ ခင်ဗျားဟာ သူ့ရဲ့ မ သိနားမလည်မှုကို အခွင့်ကောင်းယူပြီးတော့ နောက်ဆုံးမှာ သူ့ကို ငွေအ နည်းအကျဉ်းလောက်သာ ပေးပြီး လက်ထဲမှာ ဆုပ်ကိုင်ထားနိုင်မယ်ဆို တာကို မြင်လေတော့ ဒီညစ်တီး၊ ညစ်ပတ်စာချုပ်နဲ့ ချုပ်နှောင်လိုက်တာ ပဲ။ ဒီလို သူ့ကို လက်ထဲမှာ ဆုပ်ကိုင်ထားပြီးတဲ့ နောက် ဟိုမြေတိုက်ထဲ ကို ပို့လိုက်မယ် မဟုတ်လား။ အဲဒီမှာ သူ့ရဲ့ စိတ်ဓာတ်နဲ့ အစွမ်းအစတွေ ဟာ ချေမှုန်းခံရပြီးတော့ သူလဲပဲ ဟိုစာရေးဆရာတွေလို ဖြစ်သွားမှာ ပဲ။ တကယ်တော့ မီဆန်ရဲ့ စီးပွားရေးလုပ်ငန်းပဲ၊ မီဆန်ရဲ့ စာဖတ်ပရိသတ် တွေဟာ စာကောင်းပေကောင်း မလိုချင်ကြဘူးဆိုတာ ခင်ဗျားလဲ သိ သားပဲ။ ဘယ်လောက် ရှက်စရာကောင်းသလဲဗျာ"

"ကိုင်း.. ပြီးပြီလားဟေ့"

"ဟုတ်ကဲ့.. ပြီးပါပြီ။ ကျွန်တော်ပြောတာ ရှင်းလိမ့်မယ်လို့ မျှော်လင့် ပါတယ်"

"ကောင်းပြီ။ ခု မင်းကို ငါတစ်ခုမေးပါရစေ။ တကယ်လို့ များ မင်း

ဟာ ဒီလုပ်ငန်းကြီးကို အုပ်စီးခဲ့လို့ ရှိရင် ခု မင်းပြောခဲ့တဲ့ သဘောထား တွေနဲ့ ကိုက်ညီတဲ့ စနစ်နဲ့ လုပ်ကိုင်သွားမှာ ပဲလား"

"ဟုတ်ပါတယ်။ ကျွန်တော်ဟာ ဘယ်သူ့အတွက်မှ မရိုးမဖြောင့်တာ ကို မလုပ်ဘူး"

"ကျေးဇူးတင်ပါတယ်ကွာ။ အင်း.. အောက်စဖို့ တက္ကသိုလ်က မင်းကို တခြား ဘာမှ သင်မပေးလိုက်ပေမယ့် ခပ်ရှင်းရှင်းပြောနည်းတော့ သင် ပေးလိုက်ဟန်တူပါရဲ့ ။ ကဲ.. အခု ငါပြောဖို့ အလှည့်ပဲ။ ငါဘာပြောမယ် ဆိုတာ မင်းသိရတော့မှာ ပေါ့ကွာ။ မင်းဟာ ငါ့ကို ပြောခဲ့မိသမျှအတွက် ဝန်ချတောင်းပန်ရင် တောင်းပန်၊ ဒါမှ မဟုတ်ရင်တော့ ဒီတိုက်ထဲက တ စ်ခါထဲ ကြွပေတော့"

"ကျွန်တော် မှန်တာကိုပြောတဲ့ အတွက် မတောင်းပန်နိုင်ဘူး။ အမှန်ပြောရရင် ဒီမှာ ခင်ဗျား ဘယ်တော့မှ အမှန်မကြားရဘူး။ ဒီလူ တွေဟာ ခင်ဗျားကို ဝိုင်းဖားနေကြတာပဲ။ ကျွန်တော်ကလဲ ဒီကထွက်သွားရမယ်ဆိုတာ သိပ်ဝမ်းသာပါတယ်။ တကယ်ပြောတာပါ။ ကျွန်တော် အတော့်ကို ရွံနေပြီ။ ဒီမှာ က ကလိမ်ကျဖို့ နဲ့ ငွေကို ဘယ်န ည်းနဲ့ ဖြစ်ဖြစ် ရဖို့ ပဲ လုပ်နေကြတာ"

မစ္စတာမီဆန်သည် ထိုအချိန်အထိ သူ၏ ဒေါသကို အပြင်ပန်းအားဖြ င့် ချုပ်တီးထားခဲ့သော်လည်း တာရှည်ကား ဟန်မဆောင်နိုင်တော့ပေ။ သူသည် စိတ်ဆိုးလွန်းလှသဖြင့် မည်သို့ပြန်ပြောရမည်ကိုပင် မသိနိုင် အောင် ရှိနေခဲ့သည် ။ သို့သော် ပြောနိုင်သည့်အခါ၌ မူ ပိဿာလေးနှင့် ဘေးကိုပစ်သကဲ့သို့ ရှိလေတော့၏။

"ကျေးဇူးကန်းတဲ့ ခွေးတိရစ္ဆာန်ကလေး။ ငါ့အစ်ကိုဟာ မင်းကို ငတ် သေရအောင် ထားရစ်ခဲ့တုန်းက ဒီလိုအပြောခံရအောင် လမ်းပေါ်က ငါ

ကောက်ယူလာခဲ့တယ်လို့ များ ထင်နေသလားဟင်။ တကယ်တော့ မင်းဟာ ငတ်ပြတ်ပြီး သေဖို့ ပဲကောင်းတယ်။ မင်းကို ငါကျွေးမွေးလာခဲ့တာဟာ ဒီလိုပဲ ခေါင်းမာပြီးတော့ ငါ့ကို သြဇာပေးဖို့ များ ထင်နေသလား။ ကဲ အခု မင်းဘာလုပ်ရမယ်ဆိုတာ ငါပြောမယ်။ မင်းဟာမင်း ကြိုက်တဲ့ လုပ်ငန်းကို လုပ်နိုင်တယ်ဟေ့။ ကိုင်း.. ကွပေတော့ မောင်မင်းကြီးသား။ မင်းမျက်နှာလဲ နောက်ဘယ်တော့မှ မမြင်ပါရစေနဲ့ ။ နို့မဟုတ်ရင် ဒီကတံခါးစောင့်တွေကို ဆွဲထုတ်ဖို့ အမိန့်ပေးထားရလိမ့်မယ်။ ဒါတွင် မကသေးဘူးဟေ့ မင်းနဲ့ ငါလဲ အပြတ်ပဲ။ နောက်ကို ငါ့ဆီက ကြေးပြားတစ်ပြားရဖို့ တောင် မမျှော်လင့်နဲ့ ။ နို့ပြီးတော့ ငါ့ရှေ့နေ မစ္စတာဆော့ဆီကိုလဲ သွားရဦးမယ်။ ငါ့ဆီမှာ ရှိသမျှတွေဟာ ဘယ်နည်းနဲ့ မဆို ပေါင် ၂ သန်းထက် နည်းမှာ မဟုတ်ဘူး ။ အက်ဒီဆန်နဲ့ ရော့စကိုးတို့ ကို ပေးဖို့ သေတမ်းစာတစ်စောင် နောက်ထပ် ပြင်ရေးခိုင်းရမယ်။ သူတို့ ကတော့ မလိုချင်ကြပါဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူးလေ။ မင်းတော့ မရစေရဘူး။ တစ်ပြားဆိုတစ်ပြားမှ မရစေရဘူးကွာ။ ငါကလဲ ဒီလောက်ငွေများများ အလှူအတန်းလုပ်ပြီး သုံးဖြုန်းတာတော့ သဘောမကျဘူး။ ကိုင်း.. မောင်မင်းကြီးသား ကွပေတော့"

"ကောင်းပါပြီ ဦးလေး။ ကျွန်တော် သွားပါမယ်။ ကျွန်တော်တို့ အခုလို စကားများ တာနဲ့ ကျွန်တော် ဘယ်လိုဖြစ်မယ်ဆိုတာ နားလည်ထားပြီးသားပါ။ အမှန်ပြောရရင် ကျွန်တော် ဝမ်းမနည်းပါဘူး။ ကျွန်တော်လဲ ခင်ဗျားအပေါ် မှီခိုမနေချင်ပါဘူး။ မီဆန်ကုမ္ပဏီနဲ့ လဲ ဘယ်နည်းနဲ့ မှ ဆက်သွယ်မနေချင်ပါဘူး။ ကျွန်တော့်မှာ ကျွန်တော့်အမေပေးထားတဲ့ အမွေက တစ်နှစ်ပေါင် ၁၀၀ လောက်တော့ရမယ်။ အဲဒါနဲ့ ကျွန်တော့်ပညာနဲ့ ဆိုရင် အသက်မွေးသွားနိုင် ကောင်းပါရဲ့ ။ ဒါပေမဲ့ ခင်ဗျား ကျွန်တော့်အပေါ်မှာ အင်မတန်ကောင်းခဲ့ပါတယ်။ နို့ပြီး ခုနက ခ

င်ဖျားပြောခဲ့သလို မိဘနှစ်ပါး ပစ်သွားတုန်း လမ်းပေါ်က ကောက်မွေးခဲ့ လေတော့ ကျွန်တော့်အနေနဲ့ စိတ်ဆိုးပြီးတော့ ခွဲမသွားပါဘူးဗျာ။ ဒီတော့ ကျွန်တော်မသွားခင် ကျေကျေနပ်နပ် လက်ဆွဲနှုတ်ဆက်ကြရအောင်"

"အောင်မယ် မင်းက ငါ့ကို ပျားရည်နဲ့ ဝမ်းချမလို့ လား။ ဒါတော့ မရဘူးဟေ့.. သွားမှ သာ သွားစမ်းကွာ။ နို့ပြီး ငါ့အိမ် ပွန်ပေဒါဟော ကိုလဲ မင်းအဝတ်အစားတွေ ယူဖို့ ကလွဲပြီး ခြေဦးတောင်မလှည့်ဖို့ လဲ သတိမမေ့ပါနဲ့ ။ ကိုင်း.. ဒါပဲ"

"ခင်ဗျား ကျွန်တော့်ကို အထင်လွဲနေပြီ။ ကျွန်တော်တို့ ချင်း နောက်ထပ်တွေ့ချင်မှ တွေ့ရတော့မှာ မို့ ကျွန်တော်က စိတ်ဆိုးမာန်ဆိုးနဲ့ ခွဲမသွားချင်တဲ့ သဘောပါ။ ကိုင်း... ကောင်းသော နံနက်ခင်းပါဗျာ"

ထိုသို့ပြောပြီး ယူစတေ့သည် ဦးညွှတ်ကာ အခန်းတွင်းမှ ထွက်သွားလေသည် ။

မီဆန်က တစ်ကိုယ်တည်း စကားပြော၍ ကျန်ရစ်လေသည် ။

"အတော်ဆိုးတဲ့ အကောင်... သတ္တိကလေးတော့ အလာသား။ ငါကလဲ သတ္တိပြရသေးတာပေ့ါကွာ။ မီဆန်ဟာ စကားတိုတဲ့ လူကွ။ တစ်ပြားဆို တစ်ပြားမှ မပေးဘူးဟေ့။ ဒါပေမဲ့ ငါ သူ့ကို သဘောတော့အကျသား ။ မတတ်နိုင်ပါဘူးလေ။ ဟိုကလေးမအတွက် သူနဲ့ လဲ ပြတ်ပြီ။ သူက ကောင်မလေးများ ကျနေသလား မသိပါဘူး။ ဒီလို ဆိုရင်တော့ နှစ်ယောက်သား ငတ်ကြပေ့ါလေ။ ဒီကောင်မလေးကလဲ ငါ့ရှေ့က ရှောင်ပေးဖို့ ကောင်းတယ်။ မရှောင်ရင်တော့ အထိနာမှာ ပဲ။ အထိမနာရင် ဂျိုနာသန်မီဆန် ဆိုတဲ့ ငါ့နာမည်ကို တစ်ခါတည်း ပြောင်းပစ်လိုက်မယ်။ သူ့ကိုတော့ စာချုပ်ထဲက အတိုင်း တစ်သွေမတိမ်း လိုက်နာအောင် လုပ်ရမှာ

ပဲ။ တကယ်လို့ များ ဒီတိုင်းပြည်ထဲမှာ ပဲဖြစ်ဖြစ်၊ အပြင်မှာ ပဲ ဖြစ်ဖြစ် စာအုပ်တစ်အုပ် ထုတ်ဝေခဲ့တယ် ဆိုရင်တော့ သူ့ကို တစ်ခါတည်း ဖိသတ်ပစ်မယ်။ ငွေငါးထောင်ကုန်ချင် ကုန်ပါစေ။ တစ်ခါတည်း ဖိသတ်ပစ်မယ်"

ယင်းသို့ပြောပြီးနောက် သူသည် စားပွဲကို လက်သီးဖြင့် ထု လိုက်လေသည် ။ ထို့နောက် ဩဂုတ်စတာနှင့် ချုပ်ဆိုထားသော စာချုပ်ကို မီးခံသေတ္တာထဲသို့ သေသေချာချာထည့်၍ သေတ္တာကို ဂျိမ်းခနဲမြည်အောင် ပိတ်လိုက်ပြီးသော် သူ၏ အလုပ်တိုက်ရုံးခန်းများကို တစ်ခုပြီးတစ်ခု လှည့်လည်ကြည့်ရှုလေ၏။

သူပထမဆုံးဝင်သွားသော ရုံးခန်းထဲ၌ စာရေးတစ်ယောက်သည် အသားသွတ် မုန့်တစ်ချပ် စားနေသည် ကို တွေ့ရလေသည် ။ သူသည် မဆိုင်းမတွပင် စာရေး၏ လက်ထဲမှ မုန့်ကို ဇတ်ခနဲ ဆွဲယူကာ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်၏။

"မင်းကို ဒီကို လာပြီး အပင်းဆို့ဖို့ လခပေးထားတယ်များ ထင်နေသလား။ ကဲ.. မင်းမုန့်ကို သွားပြီး စားချေ။ နောက်ပြီး ပြန်မလာနဲ့ တော့ဟေ့။ အသုံးမကျတဲ့ လူပျင်း သွားတော့ ငါ့ဆီမှာ ထောက်ခံစာလဲ လာမတောင်းနဲ့ ။ ကိုင်း.. သွားဆို မြန်မြန်သွားစမ်းကွာ"

ကံဆိုးရှာသူမှာ ပါးစပ်မှ တတွတ်တွတ် တောင်းပန်ရင်း ထွက်သွားရှာလေသည် ။ မီဆန်လည်း ...

"ကဲ .. သတိသာ ကောင်းကောင်း ထားကြဟေ့။ မထားရင်တော့ ဒီအကောင်နောက်ကို လိုက်ကြရလိမ့်မယ်"

ဟု ကျန်စာရေးများအား ပြင်းပြင်းထန်ထန် သတိပေးပြီးနောက် အခြားရုံးခန်းများ ဆီသို့ ထွက်သွားလေသည် ။

မကြာမီ သူ့ထံသို့ လက်မှတ်ထိုးရန် စာချုပ်တစ်ခုကို ယူလာသော အယ်ဒီတာတစ်ဦးဖြစ်သူ နံပါတ် ၇ နှင့် ဆုံမိလေသည်။ သူသည် စာချုပ်ကို ရုတ်တရက် ဆွဲယူကာ ဖတ်ကြည့်၏။

"ဒီလိုဟာမျိုး ကျုပ်ဆီကို ဘာဖြစ်လို့ ယူလာခဲ့ရတာလဲ။ အားလုံးအမှားချည့်ပဲ"

"ဒါဟာ မနေ့က ခင်ဗျား ကျွန်တော့်ကို နှုတ်တိုက်ချပေးထားတဲ့ အတိုင်းပါပဲ။ တစ်လုံး မလွဲပါဘူး"

"ခင်ဗျားက ကျုပ်ကို အာခံချင်သလားဟင်.. ဒီမှာ ကြည့်စမ်း နံပါတ် ၇။ ခင်ဗျားနဲ့ ကျုပ် လမ်းခွဲကြရင် ကောင်းမယ်။ ကိုင်း ဘာစကားမှ မလိုချင်ဘူး။ ဒီလကုန်အထိ ခင်ဗျားကို လခပေးလိမ့်မယ်။ တကယ်လို့ ခင်ဗျားကို မတရားအလုပ်က ထုတ်ပစ်တယ်ဆိုပြီး တရားစွဲရင်လဲ ကျုပ်က အဆင်သင့်ပဲ။ ကဲ.. သွားပေတော့ နံပါတ် ၇"

ထို့နောက် မီဆန်သည် ထောင့်ချိုးတစ်ခုမှာ ကွက်လပ်တစ်ခုထဲ ဖြတ်ဝင်သွား၏။ သူသည် တစ်ယောက်တည်း ကျောက်ဒိုးပစ်တန်း ကစားနေသော ရုံးလုလင်ကလေးတစ်ဦးနှင့် သွားတိုးပြန်လေသည်။

ရုံးလုလင်၏ တင်ပါးကို ဖြောင်းခနဲ ရိုက်သံကို ကြားလိုက်ရပြီးနောက် ထိုသူငယ်ကလေးသည် လည်း အယ်ဒီတာနှင့် အသားသွတ်မုန့် စားမိသော စာရေးတို့ နောက်သို့ လိုက်သွားရလေသည်။

ဤသို့ဖြင့် ထိုနေ့တွင် မီဆန်သည် အလုပ်သမား ၁၁ ဦးကို အလုပ်က ထုတ်ပစ်လိုက်ရာ နောက်တစ်နေ့ နံနက်တွင် ရာထူးတိုးပေးမှုများ ရှိခဲ့လေ၏။

သူသည် သူ့အလုပ်တိုက်အနီးရှိ ပျော်ပွဲစားရုံမှ ရှယ်ရီနှစ်ခွက်နှင့် အ

သားသွတ်မုန့် အနည်းငယ်ကို စားသောက်ပြီးနောက်မှ အတော်အတန် နေသာထိုင်သာ ရှိသွားလေသည် ။ ထို့နောက် နီးရာရထားတစ်စီးကို တက်စီး၍ သူ၏ ရှေ့နေ တော့နှင့်ဂျိမ်း အလုပ်တိုက်ရှိရာသို့ အလျင်အမြန် မောင်းခိုင်း လိုက်လေတော့သည် ။

တော့နှင့်ဂျိမ်း အလုပ်တိုက်သို့ရောက်လျှင် သူ့အား ခရီးဦးကြိုပြုရန် ထွက်လာသော စာရေးကြီးအား...

"မစ္စတာတော့ ရှိသလားဟေ့..."

"မစ္စတော့ မကြာခင်ပဲ အားပါလိမ့်မယ်။ တိုင်း သတင်းစာ ဖတ်ပါဦး ခင်ဗျာ"

"ဒီသောက် တိုင်း သတင်းစာ ဘာလုပ်ဖို့ လဲ။ ကျုပ် သတင်းစာဖတ်ဖို့ လာတာ မဟုတ်ဘူး ။ မစ္စတာတော့ကို ပြောလိုက်စမ်း။ ကျုပ် သူ့ကို ချက်ချင်းတွေ့ရမှ ဖြစ်မယ်လို့ နို့မဟုတ်ရင် တခြားကို သွားရလိမ့်မယ်လို့ ကြားရဲ့ လား"

"ကျွန်တော် တောင်းပန်ပါရစေခင်ဗျာ"

မစ္စတာမီဆန်သည် ရတ်ချည်းထကာ ဦးထုပ်ကို ဆွဲယူလိုက်၏။

"ကိုင်း.. ဘယ်လိုလဲဟေ့"

"အို.. ပြောပါမယ်။ တစ်ဆိတ် ထိုင်ပါဦးခင်ဗျာ။ ကျွန်တော် မစ္စတာ တော့ကို ချက်ချင်းသွားပြောပါ့မယ်"

မစ္စတာမီဆန်၏ ကိစ္စကား ပေါ့ပေါ့ဆဆ မဟုတ်သည် ကို စာရေးကြီးသည် ကောင်းစွာ သိရှိသွားလေသည် ။ သူဝင်သွားပြီးနောက် မကြာမီ လက်ထဲတွင် စာရွက်စာတမ်း တစ်ထပ်ကြီးကို ကိုင်ထားရင်း အော်ကြီးဟစ်ကျယ် စကားပြောနေသော အဘွားကြီးတစ်ဦးသည် တစ်

စုံတစ်ယောက်က အခန်းတွင်းမှ တွန်းထုတ်လိုက်သောကြောင့် အပြင်သို့ ရောက် လာလေသည် ။ ထိုအဘွားကြီးမှာ သူ၏ သေတမ်းစာကို ၁၁ ကြိမ်မြောက် ပြောင်းလဲရေးဆွဲပေးရန်အတွက် မစ္စတာတော့၏ အခန်းတွင်းသို့ ရောက်နေခြင်းဖြစ်လေသည် ။

မစ္စတာတော့ကား စိတ်မခိုင်ဟန်ရှိပြီးလျှင် လိုက်လျောညီထွေကျင့်တတ်သူ ဖြစ်လေသည် ။ သူသည် စကားပြောသည့်အခါ ဆုတ်ဆိုင်းဆိုင်းပြောတတ်လေသည် ။ သူ၏ အခန်းတွင်းသို့ မီဆန်ရောက်လာလျှင်လာခြင်းပင်..

"နေထိုင်ကောင်းပါရဲ့ လားခင်ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ် မိတ်ဆွေကြီး စောင့်နေရတဲ့ အတွက် ကျွန်တော်အများကြီး ဝမ်းနည်းပါတယ်ခင်ဗျာ..၊ ဒါပေမဲ့ ကျွန်တော်ဟာ အလွန်ကြည်ညိုစရာကောင်းတဲ့ ခရစ်ယာန်သေတမ်းစာထားသူ တစ်ယောက်နဲ့ ..."

"အို.. ခင်ဗျား သေတမ်းစာထားသူကို အသာထားစမ်းပါဦး၊ ဒီမှာ ကြည့်စမ်းဟေ့တော့၊ နောက်တစ်ခါ ဒီလိုမဖြစ်စေနဲ့ သိလား၊ ကျုပ်လဲ ခရစ်ယာန်သေတမ်းစာထားသူ တစ်ဦးပါပဲ.. ကျုပ်လို ခရစ်ယာန်မျိုးကတော့ ရုံးစေလုလင်တွေ၊ စာရေးဆရာတွေလို ဒီလိုစောင့်နေရလေ့ မရှိဘူး။ နောက်ကို ဒီလိုမဖြစ်ပါစေနဲ့ တော့"

"ကျွန်တော်အများကြီး ဝမ်းနည်းပါတယ်၊ အခြေအနေ..."

"အို.. ဒါတွေ ကိစ္စမရှိပါဘူး..၊ ကျုပ် သေတမ်းစာကို လိုချင်တယ်"

"သေတမ်းစာ.. သေတမ်းစာ.. နေပါဦး။ ကျွန်တော် ခေါင်းနည်းနည်းရှုတ်နေလို့ ပါ၊ ခင်ဗျားကလဲ အလယ်ခေတ်လူတွေရဲ့ ဟန်ပန်လေသံအတိုင်းပဲ"

မစ္စတာမီဆန်သည် သူ့အားခက်ထန်သော မျက်နှာထားဖြင့် ကြည့်နေသဖြင့် စကားကို လက်စသတ်လိုက်ပြီး စာချုပ်ကိုရှာရန် အခန်းတွင်းမှ ထွက်သွားလေ၏။

မစ္စတာမီဆန်ကား တစ်ကိုယ်တည်း တီးတိုးပြော၍ ကျန်ခဲ့လေ၏။

"လူမိုက်ကလေး နောက်တစ်ခါ ဂရုမထားရင်တော့ သူ့ကိုလဲ ငါဖြုတ်ပစ်မှ ပဲ၊ ဒါကို ဘာဖြစ်လို့ များ ငါတိုက်ပိုင်ရှေ့နေတစ်ဦး ခန့်မထားမိပါလိမ့်။ နာမည်နည်းနည်းပျက်နေတဲ့ ရှေ့နေတစ်ယောက်ဆိုရင် တစ်နှစ်ပေါင် ၃၀၀ လောက်နဲ့ တောင် ရနိုင်မယ်၊ ခုတော့ ငါ တော့ကို ပေါင် ၂၀၀၀ လောက် ပေးနေရတယ်။ မြေတိုက်မှာ လဲ ရုံးခန်းလုပ်ဖို့ အခန်းတစ်ခု အားနေတယ်။ ဒီလိုလုပ်ဦးမှ ထင်ပါရဲ့ ဒါမှ တော့ဟာ တုန်လှုပ် ချောက်ချားသွားမယ်"

ထိုအခိုက် တော့သည် သေတမ်းစာကို ယူလာ၍ တစ်စုံတစ်ရာ ရှင်းလင်းပြောဖို့ ရန် စကားစရှာနေဆဲ မီဆန်က စာချုပ်၏ အတိုချုပ်ကို ပြောပြရန်ခိုင်းသဖြင့် ရှေ့နေကြီးမှာ ခိုင်းသည့်အတိုင်း ပြုလုပ်ရ၏။ သေတမ်းစာမှာ အလွန်တို၍ ထိုသေတမ်းစာအရ ဆိုသော် အခြားအမွေခံရမည့်သူ အနည်းငယ်အားပေးရန် ပေါင် ၂၀၀၀ မှ လွဲ၍ ကုမ္ပဏီတွင် အကျိုးခံစားခွင့်အပြင် ပန်းချီကားများ အခြားအဖိုးတန် အတွင်းပစ္စည်းများ နှင့်တကွ ပွန်ပေဒါဟော ခေါ် အိမ်ကြီးအပါအဝင် ယင်း၏ ကြီးမားလှသော စည်းစိမ်ဥစ္စာနှင့် ပိုင်ဆိုင်သည့် ပစ္စည်းအရပ်ရပ်တို့ ကို တူဖြစ်သူ ယူစတေ့မီဆန်တစ်ဦးတည်းက ရရှိမည်ဖြစ်လေသည် ။ သေတမ်းစာ၏ အတိုချုပ်ကို ရှင်းပြပြီးသောအခါ မီဆန်က...

"ကောင်းပါပြီ စာချုပ်ကို ကျုပ် ပေးစမ်း"

မစ္စတာတော့သည် ပြောသည့်အတိုင်း ပေးလိုက်ရာ မီဆန်သည် စာ

ချုပ်ကိုယူပြီးလျှင် သူ၏ သန်မာလှသော လက်နှစ်ဖက်ဖြင့် အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ဆုတ်ပစ် လိုက်လေသည် ။ ထိုမျှမကသေး ဆုတ်ဖြဲထားသည့် စက္ကူအစအနများကို လုံးထွေးပြီးနောက် ကြမ်းပြင်ပေါ်တွင် စုပုံကာ ဖနောင့်ဖြင့် ပေါက်လိုက်သေးရာ တော့ပင်လျှင် အတော်တုန်လှုပ်သွားလေ၏။

"အဟောင်းသွားတော့ အသစ်လာပေ့ါလေ။ ကိုင်း ကလောင်ယူ သေတမ်းစာ အသစ်တစ်စောင် ကျုပ်ပြောတဲ့ အတိုင်း လိုက်ရေးစမ်း"

မစ္စတာတော့သည် ပြောသည့်အတိုင်း လုပ်ရလေသည် ။

"ကျွန်ုပ်သည် ကျွန်ုပ်၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်တကွ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့ ကို ကျွန်ုပ်၏ ပါတနာများ ဖြစ်ကြသော အလံဖရက်တွမ်အက်ဒီဆန်နှင့် စက်စယ်စပွန်းနားရော့ စကိုးတို့ နှစ်ဦး အညီအမျှခွဲဝေယူရန် ထားရစ်ခဲ့သည် ။ ကိုင်း.. တိုလံတို ကောင်းလဲ ကောင်းတယ် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် တန်ဖိုးကတော့ ၂ သန်းလောက်ရှိမှာ ပဲ"

"အလိုဘုရားရေ.. ဘာကြောင့်များ တူတော်မောင်ကို အမွေပြတ် လုပ်လိုက်ရတာလဲ ခင်ဗျာ။ နို့ပြီး တခြားအမွေခံတွေအတွက်ကောဗျာ.."

"ကျုပ်တူအတွက်က ဒီအတိုင်းပဲပေ့ါ။ တခြားအမွေခံတွေကိုတော့ ဒီအတိုင်း ရရမယ်လေ"

ဒီလိုဆိုရင် ကျွန်တော် ကြားရသမျှထဲမှာ အတော့်ကို ရှက်စရာကောင်းတဲ့ ကိစ္စ ဖြစ်နေတာပဲ"

"ဩော်.. ဟုတ်လား။ မစ္စတာတော့ ဒီလိုဆိုရင် ကျုပ်တစ်ခုလောက် မေးပါရစေ။ ဒီပစ္စည်းတွေရဲ့ ပိုင်ရှင်ဟာ ကျုပ်လား ခင်ဗျားလား။ ကဲ

ဟောဒီမေးခွန်းကို ဖြေမနေပါနဲ့ တော့။ ခင်ဗျား ဒီသေတမ်းစာကို ရေးပေးမလား။ ဒါမှ မဟုတ် တစ်နှစ် ပေါင် ၂၀၀၀ ရနေတာကို လက်လွှတ်မလား ကိုင်း... ကြိုက်ရာကို ရွေးပေတော့"

မစ္စတာတော့သည် မဆိုင်းမတွပင် ရွေးချယ်လိုက်ရာ တိုတောင်းလှသော သေတမ်းစာမှာ တစ်နာရီမကြာမီပင် အချောပြီးစီးသွားလေသည် ။ မစ္စတာမီဆန်သည် လက်မှတ်ရေးထိုးရန် ကလောင်ကို ယူလိုက်ရင်းဖြင့် မစ္စတာတော့နှင့် စာရေးကြီးတို့ အား..

"ကိုင်း.. ခင်ဗျားတို့ နှစ်ယောက်က ကျုပ်သေတမ်းစာကို လက်မှတ်ထိုးတဲ့ အချိန်မှာ ကျုပ်စိတ်ဟာ မှုမှန်တယ်။ သတိကောင်းတယ်။ မိမိဘာလုပ်နေတယ်ဆိုတာ နားလည်တယ်ဆိုတာ မှတ်သားထားကြပါ။ ကိုင်း.. ကျုပ်ထိုးပြီးပြီ။ ခင်ဗျားတို့ နှစ်ယောက် သက်သေအဖြစ် လက်မှတ်ထိုးပေတော့"

***

ထိုည၌ မစ္စတာမီဆန်သည် ပွန်ပေဒါဟောရှိ ခမ်းနားလှသော ထမင်းစားခန်းမကြီးထဲတွင် တစ်ယောက်တည်းထိုင်ကာ ညစာစားနေရာမှ မကြာမီ စားသောက်ပြီးစီးသွားသဖြင့် ကျနသပ်ရပ်စွာ ဝတ်စားထားသော လက်ပါးစေများကို စနစ်တကျ ရှင်းလင်းသယ်ယူသွားပြီးနောက် ဘဏ္ဍာစိုးသည့် အဖိုးတန်လှသော ဝိုင်ပုလင်းများကို လာ၍ ချပေးလေသည် ။ စင်စစ်သော်ကား မစ္စတာမီဆန်သည် တစ်ပန်းကန်လျှင် ဆင်းရဲသားတစ်ယောက်အတွက် တစ်လစာမျှ တန်ဖိုးရှိသော ဟင်းလျာများကို တစ်ပွဲပြီးတစ်ပွဲ လာချသော်လည်း တစ်မျိုးပြီးတစ်မျိုး ရမယ်ရှာလျက်

လက်ဖျားနှင့်မျှမတို့ ဘဲ ပြန်ယူသွားစေခဲ့၏။ ထိုနေ့ညဉ့်အဖို့ မစ္စတာမီဆန်သည် တစ်စုံတစ်ရာမျှ စားလိုစိတ်ရှိဟန် မတူပေ။

လက်ပါးစေများ ထွက်သွားပြီးနောက် ဘဏ္ဍာစိုးတစ်ဦးတည်း ကျန်သောအခါ မစ္စတာမီဆန်က…

"ဟော့ ဂျွန်စတင် မစ္စတာယူစတေ့ ဒီကိုလာသေးလားဟေ့"

"လာပါတယ်ခင်ဗျာ"

"ပြန်သွားပလား"

"ဟုတ်ကဲ့ သူ့ပစ္စည်းတွေ လာယူနေတာပါ၊ နောက်ပြီးတော့ ရထားတစ်စင်းနဲ့ ပြန်သွားပါတယ်"

"ဘယ်ကိုလဲကွ"

"ကျွန်တော် မသိပါဘူးခင်ဗျာ။ ရထားသမားကိုတော့ ဗာမင်ဂမ်မောင်းလို့ ပြောတာပဲ"

"သူဘာမှ မပြောခဲ့ဘူးလား"

"ပြောခဲ့ပါတယ်၊ သခင်ကြီးကို နောက်ထပ် ဘယ်တော့မှ ဒုက္ခမပေးတော့ပါဘူးတဲ့ ။ နို့ပြီး သူနဲ့ ခွဲရတာကို သိပ်စိတ်မကောင်းဘူးဆိုတာလဲ အပြောခိုင်းပါသေးတယ်"

"မင်း ဒါကို ငါ့စောစောက ဘာပြုလို့ မပြောတာလဲ"

"မစ္စတာယူစတေ့က မေးမှ ပြောဆိုလို့ ပါ"

"ကောင်းပြီ ဒါနဲ့ ဟော့ ဂျွန်စတင်"

"ခင်ဗျာ"

"မင်း ဒီအိမ်မှာ မစ္စတာယူစတေ့အကြောင်းကို ဘယ်သူမှ မပြောရ ဘူးလို့ အမိန့်ထုတ်ရမယ်၊ မစ္စတာယူစတေ့ အကြောင်းပြောတဲ့ လူကို အ လုပ်ကထုတ်ပစ်မယ် ကြားလား"

မစ္စတာမီဆန်သည် သူ၏ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်၏။ သူသည် ငွေထည်နှင့် ဖန်ထည်ပစ္စည်းများကိုလည်းကောင်း၊ ဖြူစင်သန့် ရှင်းသော စားပွဲခင်း၊ လက်သုတ်ပဝါ စသည် များကိုလည်းကောင်း၊ အဖိုးတန် ပန်ကန်များ နှင့် နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားများ ကိုလည်းကောင်း၊ ကျောက်ဖြူဖြင့် ပြုလုပ်ထားသော ကျပ်ခိုးစင်နှင့် မီး တထိန်ထိန် တောက်လောင်နေသော မီးဖိုကိုလည်းကောင်း၊ အဖိုးတန် အရောင်ရင့် မွေးနုကော်ဇောကြီးကို လည်းကောင်း၊ တစ်ခုပြီးတစ်ခု လှ ည့်ပတ်ကြည့်ရှုရင်းဖြင့် ယင်းတို့ အားလုံး မိမိပိုင်ပစ္စည်းများ ဖြစ်ပါက လားဟု စိတ်ကူး၍ ကြည့်မိသော်လည်း သူ့အဖို့ မည်သို့မျှ ထူးခြားမလာ သဖြင့် သက်ပြင်းရှည်ကြီး တစ်ချက်ကိုသာ ချလိုက်မိ၏။ တဖြည်းဖြည်း နှင့် စိတ်အပျက်ကြီးလည်း ပျက်လာမိ၏။ ထိုဇိမ်ခံပစ္စည်းများကား သူ့အ ဖို့ မည်သို့ အသုံးဝင်ဦးမည်နည်း။ သူ့တွင် ထိုပစ္စည်းများကို ပေးရစ်ခဲ့ရန် လူမရှိတော့ပေ။ ထိုပစ္စည်းများ သည် သူ့အားပျော်ရွှင်မှုကို မပေးခဲ့ပေ။ လုပ်ငန်းကြီးတစ်ခုလုံးကို ဦးစီးကာ အမြောက်အမြား ရရှိထားသော ငွေ ပုံကြီးကို နောက်ထပ် တိုးလာအောင် ပြုလုပ်နေရခြင်းဖြစ်ဖြင့် နှစ်ပေါင်း ၄၀ မျှ ပျော်ရွှင်မှုကို ရယူခဲ့ရာ နောင်တွင် လည်း ထိုနည်းအတူပင် ရယူ ဦးမည် ဖြစ်၏။

ထို့နောက် သူသည် အလွန်ချစ်ခဲ့သော သူ့အစ်ကို၏ တစ်ဦးတည်း သောသားဖြစ်သူ တူတော်မောင်အကြောင်းကို စဉ်းစားမိပြန်လေသည် ။ သူသည် တူဖြစ်သူအပေါ်တွင် အတော်ပင် ခင်မင်တွယ်တာနေခဲ့ရာ ယခု သူနှင့် အဆက်ပြတ်ရတော့မည့်အခါ စိတ်တွင် အတော်ထိခိုက်သွား၏။

သို့သော် ယူစတေ့သည် သူ့ကို အာခံခဲ့ရုံသာမကသေး။ အမှန်ကို ပြောပြ ခဲ့သဖြင့်လည်း သူ့အဖို့ မခံမရပ်နိုင်အောင် ဖြစ်ခဲ့ရ၏။ ယူစတော့က သူ လုပ်ကိုင်နေပုံသည် ရိုးဖြောင့်ခြင်းမရှိ၊ ရသင့်သည် ထက် ပိုရသည် ဆို၏ ။ ထိုအတိုင်းမှန်ကြောင်း သူ့ကိုယ်သူလည်း သိ၏။ သို့သော် ထိုသို့ အပြောခံရသည် ကို သူသည် လုံးဝ သည်းမခံနိုင်ပေ။ အထူးသဖြင့် သူ့ အား မှီခိုနေသူတစ်ဦးက ထိုသို့ပြောသည် ကို သည်းမခံနိုင်ဆုံး ဖြစ်သည် ။ စင်စစ် သူသည် လူကြီးတစ်ယောက် မဟုတ်စေ့ကာမူ များ စွာသော အ တွေ့အကြုံတို့ ကြောင့် ရှစ်စပ်ကလည်း လာခဲ့သူ ဖြစ်၏။ ထို့ကြောင့် သူ့ အကြောင်း ထုတ်ဖော်ပြောဆိုသည် ကို လည်းကောင်း၊ သူ့အား ဆန့်ကျ င်သည် ကိုလည်းကောင်း၊ သည်းမခံနိုင်ဘဲ ကလဲ့စားချေခဲ့ခြင်း ဖြစ်၏။ သို့သော် သူသည် ယခုကဲ့သို့ တစ်ယောက်တည်း ထိုင်၍ စည်းစိမ်ရစ်နေ စဉ်မှာ ပင် ကလဲ့စားချေခြင်းဖြင့် ပျော်ရွှင်မှုမရနိုင်သည် ကို သဘောပေါ က် လာပြီးလျှင် အစဉ်တစိုက် ရိုးသားဖြောင့်မတ်စွာ ကျင့်ကြံအားထုတ်ရ န်ကိုပင် လိုလိုချင်ချင် ဖြစ်လာမိတော့၏။

သို့သော်လည်း နောင်တရသည့် သဘောမျိုး သို့မဟုတ် ဆုံးဖြတ်ပြီး သည် ကို ပြန်ပြင်လိုသည့် သဘောမျိုးကား မဟုတ်ပေ။ မစ္စတာမီဆန်သ ည် မည်သည့်အခါတွင် မျှ နောင်တရတတ် စိတ်ပြောင်းတတ်သူ မဟုတ် ပေ။ ထိုသို့ နောင်တရတတ်သူ စိတ်ပြောင်းတတ်သူသာ ဖြစ်ခဲ့လျှင်ကား ထိုအချိန် ထိုအခါတွင် သူသည် ငွေနှစ်သန်းပိုင်ရှင် ဖြစ်နေမည် မဟုတ် ချေ။

******